"…. လောကသဘာဝ၊ လူ့သဘာဝတို့ကို ကြားတတ် မြင်တတ် ဆင်ခြင်တတ်၍ ကရုဏာ၊ မေတ္တာ ထားတတ်သော ဥာဏ်ရှင် စာရေးဆရာတို့တွင် လောကအကြောင်း၊ လူ့အကြောင်းတို့ကို ဓာတ်ဆင်၍ သနားဖွယ်၊ ချစ်ခင်ဖွယ် ဖြစ်အောင် ဖန်တီးဖွဲ့ဆိုနိုင်သော စွမ်းရည်ရှိသည်။ ဆရာကြီး၌ ထိုစွမ်းရည် ရှိသည်။ ရှိသည်ကို မှာတော်ပုံ ဝတ္ထုတွင် အထင်အရှား ပြခဲ့သည်။"

– ဇော်ဂျီ၏ မှာတော်ပုံ(ပထမတွဲ) လေ့လာချက် …မှ။

"…. မစ္စတာမောင်မှိုင်း မှာတော်ပုံ ဝတ္ထုဖြင့် ဂန္ထဝင် အဖွဲ့အနွဲ့စရိုက်ကို မစွန့်ဘဲ ခေတ်မီဝတ္ထု အနုစ်သာရကို ထုတ်ဖော်ပေးခဲ့လေသည်။…."

– မောင်ထင်၏ စာပေရေးရာ ဆောင်းပါးများ (၂၀၀၄)။ စာ ၄၁ …မှ။

"…. ဓာတ်လမ်းထက် ဓာတ်ဆောင်များတို့၏ လေ့စရိုက် အမူအကျင့်ကို သရုပ်ပေါ်အောင် ရေးဖွဲ့နိုင်မှုကြောင့် စာဖတ်ပရိသတ်တို့ နှစ်သက်ခွဲမက်ကြရသော ဝတ္ထုကြီး တစ်ပုဒ်အဖြစ် (မှာတော်ပုံသည်) ထင်ရှားကျော်စောလာခဲ့သည်။…."

– တက္ကသိုလ်ဝင်းမွန်၏ မြန်မာဝတ္ထုရှည်သမိုင်း(၂၀၀၉)။ စာ ၁၉ …မှ။

"…. ဝတ္ထု၏ အကြီးဆုံးဂုဏ် ဖြစ်သော လူ့သဘာဝ အဖွဲ့တွင်မှု သူများနှင့်မတူ တစ်မူထူးနေပါသည်။"

– ဦးဟုန်ဝမ်နှင့် ဦးခင်အေး၏ 'မြန်မာဝတ္ထု' မြန်မာမှု ပထမတွဲ(၁၉၇၅)။ စာ ၁၄၁ …မှ။

"…. ထိုကာလ ဝတ္ထုများတွင် ဥရောပဝတ္ထု အငွေ့အသက် ကင်းလွတ်သော ဝတ္ထုအဖြစ် လည်းကောင်း၊ လူ့စရိုက်အဖွဲ့ အားကောင်းသော ဝတ္ထုအဖြစ် လည်းကောင်း၊ အမျိုးသားရေး ဦးတည်ချက် ပါသော ဝတ္ထုအဖြစ် လည်းကောင်း ထင်ရှား၏။"

– မလိခ၏ 'မြန်မာစာပေ အဘိဓာန်'၊ မိုးဝေ(ဇူလိုင် ၁၉၈၇)။ စာ ၁၂၄ …မှ။



"ရာဇဝင် စာပေဟောင်းတွေနှင့် ကြာလေ ကောင်း ကောင်းလို့စည်ပင်။"

"ဝတ္ထုအနေဖြင့်လည်း ဇာတ်ကောင်းပြီး မြန်မာမှု ဟောသုတ အနေဖြင့်လည်း ပြည့်ပြည့်ဝဝကြီး ပေးထားသည်။"

"မှာတော်ပုံ သည် မြန်မာစာပေသမိုင်းတွင် သမိုင်းထိုးလောက်သော ဂုဏ်နှင့် ပြည့်စုံသည်။"

"မှာတော်ပုံသည် မြန်မာဝတ္ထုလောက၌ အစဦးအလာ မြန်မာဝတ္ထုပုံစံကို လေ့လာနိုင်ဖွယ် ဝတ္ထုတစ်ခု ဖြစ်သိသကဲ့သို့ ကမ္ဘာ့ဝတ္ထုလောက၌ အလေးဂရုထား ပြောလေ့ရှိသော လူ့သဘာဝအဖွဲ့ ပတ်ဝန်းကျင်သဘာဝ ဖွဲ့ရာတွင် ထူးခြားပြောင်မြောက်သော ဝတ္ထုတစ်ပုဒ်အဖြစ် ထင်ရှားသော ဝတ္ထုတစ်ပုဒ် ဖြစ်လေသည်။"

## ထုတ်ဝေသူ၏ မှတ်ချက် •

အမျိုးသား လွတ်မြောက်ရေးနှင့် နယ်ချဲ့ဆန့်ကျင်ရေး စာဆိုကြီး သခင်ကိုယ်တော်မှိုင်းသည် **စစ်ကိုင်းမြန်မာတော်ပုံ** ကို ၁၂၈၆ ခု ကဆုန်လ (၁၉၂၄ မေ) ထုတ် ဒဂုန်မဂ္ဂဇင်း အမှတ် ၄၅ မှ ၁၂၈၇ ခု တန်ခူးလ (၁၉၂၅ ဧပြီ) ထုတ် မဂ္ဂဇင်းအထိ ဆယ့်တစ်လတိုင်တိုင် ရေးသားခဲ့သည်။ ဤမျှရှားပါး၍ ပုံနှိပ်ထုတ်ဝေခြင်း မပြုခဲ့သော စာမူကို ခက်ရာခက်ဆစ် ရှာဖွေကာ ထုတ်ဝေခွင့် ရရှိသဖြင့် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**စစ်ကိုင်းမြန် မှာတော်ပုံ** သည် ဆရာကြီး၏ ရှားပါးလှသော လက်ရာတစ်ပုဒ် ဖြစ်ပါသည်။ ရှားပါးသည်နှင့်အမျှ မြန်မာစာပေသမိုင်းတွင် ထင်ရှားလှပါသည်။ ထို့ပြင်မက နိုင်ငံရေးတန်ဖိုး၊ သမိုင်းတန်ဖိုးနှင့် ယဉ်ကျေးမှု တန်ဖိုးတို့ကို လေးနက်စွာ ဖော်ပြထားပါသည်။

ထို့ကြောင့် သုတေသီများ ဖတ်ရှုလေ့လာနိုင်ရန် **မှာတော်ပုံ** နှင့် **စစ်ကိုင်းမြန် မှာတော်ပုံ** ကို တပေါင်းတစည်းတည်း ထုတ်ဝေလိုက်ရပါသည်။ **မှာတော်ပုံ**မှာလည်း ယခုအခါ ဝယ်ယူ၍ မရနိုင်အောင် ရှားပါးသွားပြီ ဖြစ်ပါသည်။ **မှာတော်ပုံ** ဝတ္ထုကြီးသည် တက္ကသိုလ်သုံး ပြဋ္ဌာန်းစာအုပ်ဖြစ်၍ ကျောင်းသူကျောင်းသားများအတွက် ပြန်လည်ပုံနှိပ်ရန် စီစဉ်ခဲ့ပါသည်။ ဤသို့ စီစဉ်ရာတွင် **စစ်ကိုင်းမြန် မှာတော်ပုံ** ကိုပါ ပူးတွဲရိုက်နှိပ်ရန် စေတနာထားခဲ့ပါသည်။ **မှာတော်ပုံ** နှင့် **စစ်ကိုင်းမြန် မှာတော်ပုံ** လေ့လာချက် စာတမ်းများကို ရေးသားပေးသော ဆရာဇော်ဂျီအားလည်း ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။ အမျိုးမျိုးသော အခက်အခဲကြားက ပုံနှိပ်ထုတ်ဝေရန် ကြိုးပမ်းရာတွင် ဝိုင်းဝန်းကူညီကြသော ဆရာဗေယျနှင့် မိသားစုအား လည်းကောင်း၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူး ဦးသော်ကောင်းအား လည်းကောင်း၊ ဝန်ထမ်းများအား လည်းကောင်း၊ စီစဉ်သူ ဦးချစ်ဝေ (ရန်ကုန်တက္ကသိုလ်) အား လည်းကောင်း၊ ဦးကိုဦး (စာပလွေ) အား လည်းကောင်း ကျေးဇူးဥပကာရ တင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

**ထုတ်ဝေသူ**

ဖေဖော်ဝါရီလ ၁၉၇၁။

• မှာတော်ပုံနှင့် စစ်ကိုင်းမြန် မှာတော်ပုံ နှစ်အုပ်တွဲ ပထမအကြိမ် ထုတ်စဉ်က စာကို ပြန်လည်ဖော်ပြခြင်း ဖြစ်သည်။